အို လူတို့ အသင်တို့သည် သာသနာရေး၌ အစွန်းရောက်ခြင်းကိုရှောင်ကြဉ်ကြပါ။ ဧကန်အမှန်ပင် အသင်တို့အလျင်

ရှိခဲ့ကြသူများသည် သာသနာရေးတွင်

အစွန်းရောက်မှုကြောင့် ပျက်စီးခဲ့ကြသည်။

အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန် ပြောကြားခဲ့သည်။ အလ္လာဟ်ရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် (ရှိုင်သွာန် ခဲပေါက်သည့်)
အကဗဟ်နေ့ နံနက်တွင် မိမိ၏ ကုလားအုတ်မပေါ်တွင် ရှိနေတော်မူသည်။ ကိုယ်တော်က
ငါကိုယ်တော်အတွက် ခဲကောက်ပေးပါဟု မိန့်ကြားသဖြင့် ကျွန်တော်က
လက်နှစ်ချောင်းဖြင့်ကိုင်၍ပစ်လို့ရသည့် အရွယ်အစားရှိသော ကျောက်ခဲခုနှစ်လုံးကိုကိုယ်တော့်အတွက် ကောက်ပေးခဲ့သည်။ ကိုယ်တော်သည် ၎င်းတို့ကို မိမိလက်ဖဝါးပေါ်တွင်
လှုပ်ခတ်ကြည့်တော်မူပြီး မိန့်တော်မူသည်မှာ ဤအရွယ်များကိုသာ အသင်တို့ပစ်ကြပါ။
ထို့နောက် ဆက်လက် မိန့်ကြားတော်မူသည်မှာ အို လူတို့ အသင်တို့သည် သာသနာရေး၌
အစွန်းရောက်ခြင်းကို ရှောင်ကြဉ်ကြပါ။ ဧကန်အမှန်ပင် အသင်တို့အလျင်
ရှိခဲ့ကြသူများသည် သာသနာရေးတွင် အစွန်းရောက်မှုကြောင့် ပျက်စီးခဲ့ကြသည်။
[صحيح] [رواه ابن ماجه والنسائي وأحمد]

အိဗ်နုအဗ္ဗာစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ပြောပြခဲ့သည်။ သူသည် ဟဂ်ျသုလ်ဝဒါအ်တွင်ဂျမရသုလ် အကဗဟ်ကို ခဲပေါက်သည့် ကုရ်ဗာနီနေ့ နံနက်ခင်းတွင် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ ရှိနေခဲ့သည်။ ထိုအခါ ကိုယ်တော်က သူ့အားဂျမရသ်ကို ခဲပေါက်ရန် မိမိအတွက် ကျောက်စရစ်ခဲများကို ကောက်ယူ‌ရန်အမိန့်ပေးတော်မူခဲ့သည်။ ထို့ကြောင့် သူသည် ကိုယ်တော့်အတွက် ကျောက်စရစ်ခဲခုနှစ်လုံးကို ကောက်ယူခဲ့ပြီး တစ်လုံးစီသည် ကုလားပဲလုံး သို့မဟုတ်သစ်အယ်သီးအရွယ်အစားခန့်ရှိသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်၎င်းတို့အား မိမိလက်ဖဝါးပေါ်တွင်တင်ကာ လှုပ်ခတ်ကြည့်တော်မူပြီးမိန့်ကြားတော်မူသည်မှာ- ဤအရွယ်အစားများဖြင့်သာ အသင်တို့ ခဲပေါက်ကြပါ။ ၎င်းနောက်ဆက်လက်၍ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က သာသနာရေးကိစ္စများတွင်ဘောင်ကျော်ခြင်း၊ အစွန်းရောက်ခြင်းတို့ကို ရှောင်ကြဉ်ကြရန် သတိပေးတော်မူခဲ့သည်။အဘယ့်ကြောင့်ဆိုသော် ရှေးအွမ္မသ်သားတို့သည် သာသနာရးတွင် ဘောင်ကျာ်ခြင်း၊အစွန်းရောက်ခြင်းတို့ကြောင့်ပျက်စီးခဲ့ကြသည်။

https://sunnah.global/hadeeth/my/show/3395


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee